# ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှု အခြေအနေ

နေပြည်တော် အောက်တိုဘာလ ၁၇

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလကုန် အထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှု စုစုပေါင်းမှာ ကျပ် ၆၇၄၈.၂၈၀ ဘီလီယံ ဖြစ်သဖြင့် လျာထားချက်၏ ၁၀၈.၁၇% ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကောက်ခံရရှိမှုတွင် နိုင်ငံပိုင် ကဏ္ဍမှ ကျပ် ၁၃၈၁.၁၁၉ ဘီလီယံ၊ သမဝါယမကဏ္ဍမှ ကျပ် ၁.၈၆၂ ဘီလီယံနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျပ် ၅၃၆၅.၂၉၉ ဘီလီယံ ပါဝင်ကြောင်း သိရှိရပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ အခွန်တစ်မျိုးချင်းကောက်ခံရရှိမှု အခြေအနေမှာ ဝင်ငွေခွန် ကျပ် ၂၈၃၃.၉၅၁ ဘီလီယံ၊ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၂၈၁.၄၇၁ ဘီလီယံ၊ အထူးကုန်စည်ခွန် ကျပ် ၁၄၂၉.၁၂၁ ဘီလီယံ၊ တံဆိပ်ခေါင်းခွန် ကျပ် ၅၉.၇၀၉ ဘီလီယံ နှင့် အောင်ဘာလေသိန်းဆုခွန် ကျပ် ၁၄၄.၀၂၈ ဘီလီယံ တို့ဖြစ်ကြောင်း သိရှိရပါသည်။